# Karenni Nationalities Defense Force
# ကရင်နီအမျိုးသားများကာကွယ်ရေးတပ်

## တိုက်ပွဲသတင်းထုတ်ပြန်ချက်

နေ့စွဲ။ ။၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလ (၁၁) ရက်နေ့။

ကရင်နီပြည်၊ ဒီးမော့ဆိုမြို့နယ်၊ ထူလွီးဘီလာနှင့် ပဒုံကျေးရွာ အနီး၊ ယနေ့မွန်းလွဲပိုင်း (၁၃း၅၀) နာရီတွင် အကြမ်းဖက် မင်းအောင်လှိုင်တပ်များ နှင့် ကရင်နီတပ်မတော် (KA)၊ KNDF တို့ နှစ်ဖက်ထိတွေ့ တိုက်ပွဲများဖြစ်ပွားခဲ့ပါသည်။ တိုက်ပွဲမှာ ညနေ ( ၁၈း၀၀)နာရီကျော်သည်အထိ ကြာမြင့်ခဲ့ပါသည်။

အကြမ်းဖက် မအလတပ်များသည် အင်အား အလုံးအရင်းဖြင့် ခြေရာတော်ဘုရားတောင်ဘက်မှ စစ်ကြောင်းထိုးပြီး တောင်ပေါ်များတွင် တပ်ဖြန့်ကာ လက်နက်ကြီးများဖြင့် အဆက်မပြတ် ပစ်ခတ်ခဲ့ပါသည်။ တိုက်ပွဲအတွင်း အကြမ်းဖက် မအလတပ်ဘက်မှ စစ်ခွေး(၂၀) ကောင်သေဆုံးခဲ့ပြီး ထိခိုက်ဒဏ်ရာရမှုများရှိခဲ့ပါသည်။

စစ်ခွေးများကို ခုခံတိုက်ခိုက်ရင်း မိမိတို့ဘက်မှ KNDF တပ်သားတစ်ဦး ကျဆုံးခဲ့ပါသည်။ တိုက်ပွဲအတွင်း ကျဆုံးသွားသောရဲဘော်ကို KNDF မှ ကရင်နီအမျိုးသားအာဇာနည်သူရဲကောင်းအဖြစ် လေးစားအသိအမှတ်ပြု သမိုင်းမှတ်ကျောက်တင်ပါသည်။

အကြမ်းဖက် မအလတပ်များသည် ဒီးမော့ဆိုမြို့နယ် တိုက်ပွဲဖြစ်ပွားရာဒေသအတွင်းရှိ ဇျူဟာမြောက် ကုန်းပြင်မြင့်များပေါ်တွင် တဖန်တပ်ဖြန့်လျက်ရှိပြီး စစ်အင်အားဖြည့်တင်း လျက်ရှိပါသည်။

KNDF သတင်းနှင့်ပြန်ကြားရေးဌာန

ဆက်သွယ်ရန်။ ၀၉ ၄၂၅ ၅၁၇ ၅၉၄၊ ၀၉ ၇၆၅ ၇၃၃ ၁၆၈၊ ၀၉ ၈၉၉ ၁၁၉ ၂၁၀၊ ၀၉ ၇၇၄ ၈၁၀ ၆၈၄။